# စာတိုက်ဖြင့်ပို့လိုက်သော QR ကုဒ်စာလွှာ

ရက်စွဲ-

သို့-

ချစ်ခင်လေးစားရပါသော

ဇွန်လ 1 ရက်မှစတင်ပြီး ဝါရှင်တန်ပြည်နယ် Special Supplemental Nutrition Program for Women, Infants and Children (WIC, အမျိုးသမီးများ၊ နို့စို့ကလေးငယ်များနှင့် ကလေးများအတွက် အထူးဖြည့်စွက်အာဟာရထောက်ပံ့မှု အစီအစဉ်) ပါဝင်သူများသည် သင်၏ လစဉ် WIC သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာ အကျိုးခံစားခွင့်များနှင့် ခွင့်ပြုချက်ရ စိုက်ပျိုးမွေးမြူသူများ ဈေးများ သို့မဟုတ် စိုက်ပျိုးမွေးမြူရောင်းချသူများ စတိုးဆိုင်များတွင် Farmers Market Nutrition Program (FMNP, စိုက်ပျိုးမွေးမြူရေးသမားများ ဈေး အာဟာရ အစီအစဉ်) ကို ဝယ်ယူရန် အမြန်တုံ့ပြန်ဆောင်ရွက်မှု (QR) ကုဒ်ကို အသုံးပြုပါမည်။

သင့် QR ကုဒ်ကို သင့် WIC ကတ်၏ ရှေ့မျက်နှာစာတွင် ပူးတွဲထားပါ။ ဖြစ်နိုင်ပါက သင့်ဖုန်းဖြင့် QR ကုဒ်၏ ပုံကို ဓာတ်ပုံရိုက်ရန်လည်း တိုက်တွန်းအပ်ပါသည်။

သင့် QR ကုဒ်ကို အသုံးပြုရန် ဤအဆင့်များကို အမှတ်ရပေးပါ-

1. သင့် QR ကုဒ် သို့မဟုတ် ၎င်း၏ ရုပ်ပုံတို့ကို ခွင့်ပြုချက်ရ စိုက်ပျိုးမွေးမြူရေးသမားများ ဈေး သို့မဟုတ် စိုက်ပျိုးမွေးမြူရေး စတိုးဆိုင်သို့ ယူသွားပါ။
    - ခွင့်ပြုချက်ရ စိုက်ပျိုးမွေးမြူရေးသမားများ ဈေးများ သို့မဟုတ် စိုက်ပျိုးမွေးမြူရေး စတိုးဆိုင်များ၏ စာရင်းကို ရှာရန် WICShopper အက်ပ်ကို သုံးပါ သို့မဟုတ် ဝါရှင်တန်ပြည်နယ် WIC Farmers Market Nutrition Program ဝဘ်ဆိုက် (စပိန်ဘာသာဖြင့်ရနိုင်သည်) ကို ဝင်ကြည့်ပါ။
    - "WIC & Senior Farmers Market Benefits Welcome Here (WIC နှင့် သက်ကြီးစိုက်ပျိုးမွေးမြူသူများ ဈေး အကျိုးခံစားခွင့်များ ဤနေရာက ကြိုဆိုပါသည်)" အမှတ်အသားပါသည့် စိုက်ပျိုးသူများကို ရှာပါ။
    - အတည်ပြုထားသော ဒေသတွင်းစိုက်ပျိုးသည့် လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များအပြင် လတ်ဆတ်ပြီး လှီးဖြတ်ထားသော စားသုံးနိုင်သည့် ဆေးဖက်ဝင်အပင်များကိုသာ ဝယ်ပါ။ အတည်ပြုထားသော အစားအစာများ စာရင်းအတွက် ဝဘ်ဆိုက်ကို ကြည့်ပါ။
2. သင်၏ ဂဏန်း 4 လုံးပါ PIN ကို သိအောင် သေချာလုပ်ထားပါ။ သင့် WIC ကတ်နှင့်တူသော PIN ကို အသုံးပြုပါ။
    - သင့် PIN ကို သင်မမှတ်မိပါက နေ့ဖြစ်ဖြစ် သို့မဟုတ် ညဖြစ်ဖြစ် အချိန်မရွေး ပြန်သတ်မှတ်ရန် 1-844-359-3104 ကို ခေါ်ဆိုပါ။ နံပါတ်သည် သင့် WIC ကတ်၏ ကျောဘက်တွင် ရှိသည်။
    - ကတ်ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်နှင့် စာတိုက်သင်္ကေတအမှတ်တို့ကို ထည့်သွင်းပါ။
3. သင့်အတွက် ရနိုင်သည့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာ အကျိုးခံစားခွင့်များကို ကြည့်ရန် နှိပ်ပါ။
    - WICShopper အက်ပ်ကို သုံးပါ။
    - ဈေးဝယ်ရန် ပစ္စည်းစာရင်း ပါရှိလျှင် ၎င်းကို ကြည့်ရှုပါ။
    - သင်၏ နောက်ဆုံး WIC ကုန်စုံစတိုး ပြေစာကို ကြည့်ရှုပါ။
    - WIC ဆေးခန်းသို့ ဖုန်းခေါ်ဆိုပါ။
4. သင်၏ ထွက်ကုန်ကို ရွေးပြီးနောက် စိုက်ပျိုးသူ၏ QR ကုဒ်ကို ပြသပါ၊ စိုက်ပျိုးသူက ဝယ်ယူမှုအတွက် စုစုပေါင်းပမာဏကို ထည့်သွင်းပြီး သင်က စိုက်ပျိုးသူ၏ မိုဘိုင်းစက်တွင် သင့် PIN ရိုက်ထည့်ခြင်းဖြင့် ဝယ်ယူမှုပမာဏကို အတည်ပြုရပါမည်။

Cascades အကူအညီ ဖုန်း 1-800-841-1410 သို့ ခေါ်ဆိုပြီး လိုင်းခွဲ 2 ကို ရွေးပါ၊ ထို့နောက် အောက်ပါ အကြောင်းရင်းတစ်ခုစီတွက် လိုင်းခွဲ 3 ကို ရွေးပါ။

- သင့် QR ကုဒ်နှင့် ပတ်သက်သော မေးခွန်းများ
- စိုက်ပျိုးမွေးမြူသူများ ဈေး သို့မဟုတ် စိုက်ပျိုးမွေးမြူသူ ကုန်စုံဆိုင်တွင် QR ကုဒ် အသုံးပြုခြင်းဆိုင်ရာ ပြဿနာများ။

# စာတိုက်ဖြင့်ပို့လိုက်သော QR ကုဒ်စာလွှာ

သင်၏ WIC ဆေးခန်း

**ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။**
ဖယ်ဒရယ် ပြည်သူ့ရပိုင်ခွင့်ဥပဒေနှင့် U.S. Department of Agriculture (USDA, အမေရိကန် စိုက်ပျိုးရေးဌာန) ပြည်သူ့ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ ဤအဖွဲ့အစည်းသည် လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင် (ကျား၊မ ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှု)၊ မသန်စွမ်းမှု၊ အသက်အရွယ်တို့အပေါ် အခြေခံကာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယခင်က ပြည်သူ့အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုအတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် ကလဲ့စားချေခြင်းတို့ကို တားမြစ်ထားပါသည်။

အစီအစဉ် အချက်အလက်များကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာများနှင့်လည်း ရခြင်းရှိနိုင်ပါသည်။ အစီအစဉ် အချက်အလက်များကို ရယူရာတွင် အခြားသောနည်းလမ်းဖြင့် ဆက်သွယ်ရန်လိုအပ်သော မသန်စွမ်းသူများ (ဥပမာ - မျက်မမြင်စာ၊ စာလုံးကြီး၊ အသံတိပ်ခွေ၊ အမေရိကန် လက်ဟန်သင်္ကေတ သာသာစကား) သည် တာဝန်ရှိသောပြည်နယ် သို့မဟုတ် ထို အစီအစဉ်ကို တာဝန်ယူလုပ်ကိုင်နေသော ပြည်တွင်းအေဂျင်စီ သို့မဟုတ် USDA ၏ Technology & Accessible Resources Give Employment Today (TARGET, ယနေ့အလုပ်အကိုင် ခန့်အပ်ခြင်းဆိုင်ရာ နည်းပညာနှင့် ရရှိနိုင်သော အရင်းအမြစ်များ) စင်တာ၏ ဖုန်းနံပါတ် (202) 720-2600 (အသံနှင့် TTY) တို့ကိုလည်းကောင်း၊ Federal Relay Service (ဖယ်ဒရယ် ဆက်သွယ်ရေး ဝန်ဆောင်မှု) ၏ ဖုန်းနံပါတ် (800) 877-8339 မှတစ်ဆင့် USDA သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

အစီအစဉ်တွင် ခွဲခြားဆက်ဆံမှုကို တိုင်ကြားရန်အတွက် တိုင်ကြားသူသည် Form AD-3027၊ USDA Program Discrimination Complaint Form (USDA အစီအစဉ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက် ဖောင်ပုံစံ AD-3027) ကို https://www.usda.gov/sites/default/files/documents/USDA-OASCR%20P-Complaint-Form-0508-0002-508-11-28-17Fax2Mail.pdf (အင်္ဂလိပ်ဘာသာဖြင့်) ကိုဖြည့်စွက်ရမည်ဖြစ်ပြီး ယင်းကို အွန်လိုင်းတွင်ဖြစ်စေ၊ USDA ရုံးတိုင်းတွင်ဖြစ်စေ၊ (866) 632-9992 သို့ ခေါ်ဆို၍ဖြစ်စေ၊ USDA သို့ လိပ်မူပြီး စာပို့ပေးခြင်းဖြင့်ဖြစ်စေ ရယူနိုင်ပါသည်။ စွဲဆိုထားသော ပြည်သူ့ရပိုင်ခွင့် ချိုးဖောက်မှု၏ သဘောသဘာဝနှင့် နေ့စွဲကို Assistant Secretary for Civil Rights (ASCR, နိုင်ငံသားအခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းဝန်) ကို အသိပေးနိုင်ရန်အတွက် စာတွင် တိုင်ကြားသူ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် စွဲဆိုထားသော ခွဲခြားဆက်ဆံမှုအကြောင်း လုံလောက်သော အသေးစိတ် ရှင်းလင်းဖော်ပြချက်များပါရှိရပါမည်။ ဖြည့်စွက်ပြီးသော AD-3027 ဖောင် သို့မဟုတ် စာကို USDA သို့ အောက်ပါနည်းလမ်းများဖြင့် ပေးပို့ရပါမည် -

1. **စာတိုက်မှတစ်ဆင့်-**
   U.S. Department of Agriculture
   Office of the Assistant Secretary for Civil Rights
   1400 Independence Avenue, SW
   Washington, D.C. 20250-9410 သို့မဟုတ်
2. **ဖက်စ်မှတစ်ဆင့်-**
   (833) 256-1665 (သို့) (202) 690-7442 သို့မဟုတ်
3. **အီးမေးလ်ဖြင့် -**
   program.intake@usda.gov

ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။
ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။

ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။
နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် ဖောက်သည်များအတွက် 711 (Washington Relay) သို့ ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့ အီးမေးလ်ပို့ပေးပါ။

Washington State Department of HEALTH

WIC WASHINGTON

DOH 964-027 May 2023
Burmese